

# “အမျိုးသားအဆင့်လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းနှင့် မျက်မှောက်ခေတ် လျှပ်စစ်မီးရရှိမှုအခြေအနေ”

--နိုမီကို(နည်းပညာ)--

၂၀၁၄ ခုနှစ်ကုန်လွန်ချိန်ထိ မြန်မာနိုင်ငံတွင် လူဦးရေ၏၃၀%ကျော်ခန့်သာ လျှပ်စစ်ဓာတ်အား ရရှိနေပြီး ၇၀%နီးပါးသော ပြည်သူများမှာ လျှပ်စစ်မီးအလင်းရောင်ဖြင့် ဝေးကွာဆဲ ဖြစ်ပါသည်။ ၂၀၃၀ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီစေရေး ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် အမျိုးသားအဆင့်လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (National Electrification Project-NEP) (၂၀၁၅-၂၀၃၀)ကိုစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။



အမျိုးသားအဆင့်လျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီ (National Electrification Executive Committee-NEEC)ကို ဖွဲ့စည်းထားပြီး ယင်းစီမံကိန်းအရ ၂၀၃၀ခုနှစ်တွင် လူဦးရေ၏ ၉၉%ခန့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိစေရန် ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထား ပါသည်။ လက်ရှိတွင် သွယ်တန်းရမည့် အိမ်ထောင်စုပေါင်း(၇.၂)သန်း ရှိသည့်အတွက် အကွာအဝေး ပေါ်မူတည်၍ မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းဟူ၍ အပိုင်းနှစ်ပိုင်းခွဲ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

မဟာဓာတ်အားလိုင်းပြင်ပ သီးခြားလျှပ်စစ်ဓာတ်အားပေးစနစ်ကို အသုံးပြု၍ ကျေးလက် ဒေသလျှပ်စစ်ဓာတ်အားရရှိရေးကို ကနဦးကပင် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအရ ပိုမိုကောင်းမွန်သောနည်းစနစ်များကို အသုံးပြု၍ ထိရောက်မှု မြန်ဆန်အားကောင်းအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကုန်ကျစရိတ် အသက်သာဆုံးစနစ် (Geospatial Least Cost Plan) ကို အခြေခံ ဆောင်ရွက်မည်ဖြစ်သောကြောင့် NEP စီမံကိန်း၏ ပထမအဆင့်အနေဖြင့် ရှိနှင့်ပြီးသော မဟာ

ဓာတ်အားလိုင်းကို အခြေခံ၍ လူနေထူထပ်သောဒေသများတွင် မဟာဓာတ်အားလိုင်းသွယ်တန်းခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး ဒုတိယအဆင့် ပို၍ဝေးလံသောဒေသများသို့ တိုးချဲ့ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်သည်။ တတိယပိုင်းအနေဖြင့် ချင်း၊ ရှမ်း၊ ကချင် နှင့် ကယားပြည်နယ်များ ကဲ့သို့သော ဝေးလံခေါင်ဖျားတောင်ပေါ်ဒေသကျေးရွာများသည် ဓာတ်အားလိုင်းသွယ်တန်းမှု ကုန်ကျစရိတ် အမြင့်မားဆုံးဒေသများဖြစ်သောကြောင့် နောက်ဆုံးအဆင့်မှ သွယ်တန်းနိုင်မည် ဖြစ်သည်။ အဆိုပါ ဝေးလံခေါင်ဖျားဒေသများရှိ ပြည်သူများ နှစ်ရှည်မစောင့်ဆိုင်းရစေရန်အတွက် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုရသေးခင် ကြားကာလတွင် အကြိုလျှပ်စစ်မီးပေးရေးစီမံကိန်း (Pre-Electrification Plan)ကို အစားထိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် (၂၀၁၂-၂၀၁၃) ဘဏ္ဍာရေးနှစ်မှ အစပြု၍ ကျေးလက်ဒေသမီးရရှိရေးဆောင်ရွက်ပေးခဲ့ရာ (၂၀၁၄-၂၀၁၅)ဘဏ္ဍာရေးနှစ်ထိ ကျေးရွာပေါင်း(၂၂၄၂)ရွာ ဆောင်ရွက်ပေးခဲ့ပြီး ယခု (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေး နှစ်တွင် ကျေးရွာပေါင်း(၂၃၀၈)ရွာတွင် မီးလင်းရေး ဆောင်ရွက်ပေးရန် လျာထားလျက်ရှိကြောင်း သိရှိရပါသည်။

NEP စီမံကိန်းအရ အကြိုလျှပ်စစ်မီးပေးရေးစနစ်ဆောင်ရွက်ရာတွင် သီးခြားလျှပ်စစ်ဓာတ်အားပေးဝေရေးစနစ် (Off-grid Electrification System) ကို အသုံးပြုမည်ဖြစ်ပြီး ပထမ(၅)နှစ်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း(၈၀)၊ နည်းပညာပံ့ပိုးကူညီမှု (Techanical Assistance)အတွက် ဒေါ်လာ(၁၀)သန်းတို့ဖြင့် ယခု (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်းတို့ရှိ ကျေးရွာ(၅၀၀)တွင် စတင်ဆောင်ရွက်သွားမည် ဟု ဆိုပါသည်။

ဤသို့ဆောင်ရွက်ရာတွင် ကျေးရွာရှိအိမ်ခြေ၊ မြေမျက်နှာသွင်ပြင်အနေအထား၊ ရရှိနိုင်သည့် စွမ်းအင်အရင်းအမြစ်အမျိုးအစားတို့အပေါ်မူတည်၍ နေအိမ်သုံးဆိုလာစနစ်(Solar Home System -SHS)၊ အသေးစားဓာတ်အားကွန်ယက်စနစ်( Mini- Grid)၊ ဇီဝဓာတ်ငွေ့/ဒြပ်ထု (Biogas/ mass) နှင့် အသေးစားရေအားလျှပ်စစ်စနစ် (Mini-hydro)တို့မှ စွမ်းအင်ရင်းမြစ် စဉ်ဆက်မပြတ်ရရှိမည့်၊ ကုန်ကျစာရိတ် အသက်သာဆုံးလည်းဖြစ်သည့် နည်းစနစ်မျိုးကို ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်သည်။

အိမ်ထောင်စု(၅၀-၁၀၀)ကြားကျေးရွာငယ်များအတွက် နေအိမ်သုံးဆိုလာစနစ်ဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အိမ်ထောင်စု(၁၀၀)နှင့်အထက် ကျေးရွာကြီးများအတွက် အသေးစားဓာတ်အားကွန်ယက်စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ရာ စွမ်းအင်အရင်းအမြစ်အနေဖြင့် ဆိုလာ၊ အသေးစားရေအား သို့မဟုတ် Hybrid System ကို အသုံးပြုသွားမည်ဖြစ်ပြီး မဟာဓာတ်အားလိုင်းနှင့် ပေါင်းစည်းနိုင်ရန် မဟာဓာတ်အားလိုင်းတည်ဆောက်သည့် စံနှုန်းအတိုင်းတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းမှာ ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ ကုန်ကျစာရိတ်ကို သက်သာစေမည့် နည်းလမ်းတစ်သွယ်ဖြစ်ပါ သည်။

စီမံကိန်းဆောင်ရွက်ရာတွင် အရည်အသွေးအာမခံချက် အပြည့်အဝရှိစေရေး(Qualiaty Assurance)၊ လူမှုအကာအကွယ်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအကာအကွယ် (Social and

Environmental Impact Protection)တို့ကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့ဘဏ်အဖွဲ့ နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၈ရက်မှ ၂၉ရက်နေ့ထိ ပြုလုပ်ခဲ့သည့် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားပေးဝေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် လက်ရှိမြန်မာနိုင်ငံ၏ ဆောင်ရွက်လျက်ရှိသော အိမ်သုံးဆိုလာစနစ်နှင့် အသေးစားရေအားလျှပ်စစ်ဓာတ်အားစနစ်များ၏ အရည်အသွေးနှင့် နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို လက်တွေ့ကွင်းဆင်း စိစစ်ဖော်ထုတ် တင်ပြထားရာ ၎င်းတို့အပေါ်အခြေခံ၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် ဆောင်ရန်ရှောင်ရန်များကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

အဓိကအားဖြင့် ဆောင်ရွက်မည့်စနစ်အလိုက် အရည်အသွေးအာမခံချက်ရှိရန်(Quality Assurance)၊ (Installation) တပ်ဆင်သည့်အပိုင်း၌လည်း ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိပြီးသူ (Technical Experts)များကိုသာ ရွေးချယ်ဆောင်ရွက်စေရန်၊ အသုံးပြုသူများ (Users)ကို အသုံးပြုပုံနှင့် စနစ်တကျကိုင်တွယ်ထိန်းသိမ်းနိုင်စေရန် သင်တန်းများပေးခြင်း၊ လက်ကမ်းစာစောင်/စာအုပ်များ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ပေးရန်၊ အရည်သွေးပြည့်ဝသော ကုန်ပစ္စည်းများကိုသာ သုံးစွဲရန်နှင့် ဘတ္ထရီအသုံးပြုရာတွင် ကနဦးကုန်ကျစရိတ် ကာမိစေရန်သာမက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား အကာအကွယ်ဖြစ်စေမည့် ပြန်လည်အသုံးပြုနိုင်သော (Battery Recycling) စနစ်ကို အစပျိုးအကောင်ထည်ဖော်ဆောင်ရွက်သွားနိုင်ရန်၊ ဆောင်ရွက်ပြီးနယ်မြေများတွင် ထပ်မံဆောင်ရွက်မိခြင်းမျိုး မဖြစ်ရလေအောင် စနစ်တကျကွင်းဆင်းဆောင်ရွက်သွားရန် စသည့်အချက်များကို ထည့်သွင်းဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း တွေ့ရှိရသည်။

လက်ရှိတွင် ကျေးလက်နေပြည်သူများအနေဖြင့် မီးလင်းရေးစနစ်အလိုက် ဆောင်ရွက်မှုများ နှင့် စပ်လျဉ်း၍ နည်းပညာပိုင်းသာမက အသိပညာပိုင်း၌ပါ သိရှိမှု အားနည်းနေသေးသည်ဖြစ်ရာ ပြည်သူအများစု သိရှိနားလည်စေရေး (Public Awareness)အတွက် အသိပညာပေး အစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ အရည်အသွေးပြည့်ဝ စွမ်းဆောင်ရည်မြင့်မားကြမှသာ အချိန်တိုအတွင်း ထိရောက်မှုမြန်ဆန်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဖြစ်သောကြောင့် ပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စီမံခန့်ခွဲမည့်ဝန်ထမ်းများ အားလုံးအတွက် လိုအပ်သည့်စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building)သင်တန်းများ အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရန်စီစဉ်လျက်ရှိကြောင်း တွေ့ရှိရသည်။

မည်သို့ပင်ဆိုစေ ယင်းလုပ်ငန်းစဉ်များအားလုံးကို ပင်မဝန်ကြီးဌာနများနှင့်အတူ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ နှင့် ဒေသခံပြည်သူ များပါမကျန် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ လိုရာခရီး လျင်မြန်စွာ ပေါက်ရောက်လိမ့်မည်

ဖြစ်ပါ ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။